# Game အဟောင်းများကစားဖို့ ScummVM Emulator

DOS ခေတ်ကထွက်ခဲ့တဲ့ Maniac Mansion ၊ Full Throttle တွေအပြင် Lucas Arts က ထုတ်လုပ်ခဲ့တဲ့ SCUMM (Script Creation Utility for Maniac Mansion) scripting engine တို့နဲ့ ရေးထားတဲ့ game အဟောင်းလေးတွေ ကစားချင်တယ်ဆိုရင်တော့ open-source emulator ဖြစ်တဲ့ Scumm VM ကို အသုံးပြုနိုင်ပါတယ်။




SCUMMVM က game ကစားတဲ့သူ စိတ်ကြိုက် အမျိုးမျိုးသော ရွေးချယ်ခွင့်တွေပေးထားပါတယ်

www.scummvm.org က တစ်ဆင့် ScummVM ကို ရယူနိုင်ပြီး Windows 7 ၊ Mac OS X ၊ Linux ၊ Android ၊ iOS စသဖြင့် ကြိုက်နှစ်သက်ရာ game console တွေကို ရယူနိုင်ပါတယ်။ Installation လုပ်တာကတော့ ကိုယ်ရယူလိုက်တဲ့ version အပေါ်မူတည်ပြီး ကွဲပြားမှုရှိပါတယ်။ ဥပမာ– Mac OS X မှာတော့ ScummVM ကို disc image အဖြစ် mount လုပ်ပြီး သုံးစွဲရမှာ ဖြစ်ပါတယ်။

ပြီးရင် game ကစားချင်တယ်ဆိုပါကရှိသမျှ file အားလုံးကို hard drive အပေါ်က directory တစ်ခုထဲကို copy လုပ်ထားရမှာ ဖြစ်ပါတယ်။ တကယ်လို့ ကိုယ့် physical disk အပေါ်မှာ SCUMM game ရှိနေတုန်းပဲဆိုရင် game directory တစ်ခုလုံးကိုလည်း hard drive ပေါ်ကို ကူးတင်ထားဖို့ လိုအပ်ပါတယ်။ ၁၉၉၄ ခုနှစ်တုန်းက revolution software က ထုတ်လုပ်ခဲ့တဲ့ Beneath a Steel Sky ကို ၂၀၀၃ ခုနှစ်ကတည်းက Scumm-VM Website ကတစ်ဆင့် အခမဲ့ download ရယူနိုင်ပြီဖြစ်ပါတယ်။ ယင်း game ဟာ တခြား scripting engine အပေါ်မှာ အခြေပြုပြီး ရေးသားထားခဲ့ပေမယ့် ScummVM က အလုပ်လုပ်ပေးနိုင်ပါတယ်။ သူ့လိုပဲ အခြား game အတော်များများကိုလည်း support လုပ်ပါတယ်။

Game တွေ စကစားချင်ရင်တော့ game directory ထဲကရှိနေတဲ့ game တွေကို အစုခေတ်ပေါ် game တွေလိုပဲ click နှိပ်ပြီး စကစားလို့မရပါဘူး။ SummVM ကို boot လုပ်ပြီး Game directory ထဲက ကိုယ်ကစားချင်တဲ့ game ကို Add Game ကတစ်ဆင့် ခေါ်ယူကစားနိုင်ပါတယ်။

ScummVM က game ကို ကောင်းမွန်စွာ run ပေးနိုင်တယ်ဆိုရင် Window ရဲ့ နေရာတစ်ခုမှာ audio level ၊ screen size စတာတွေကို ချိန်ညှိပေးနိုင်တဲ့ Options Window တစ်ခု ရှိပါတယ်။ ကိုယ်ကြိုက်သလို ချိန်ပြီးရင်တော့ OK ကို နှိပ်ပြီး game ဆီကို ပြန်လာနိုင်ပါတယ်။

ဒီလိုနည်းနဲ့ SummVM ရဲ့ game list ထဲကို game တွေထည့်ပြီး ကြိုက်နှစ်သက်ရာ game တွေ စတင်ကစားနိုင်ပြီဖြစ်ပါတယ်။ ■

# Cookies များဖျက်ပြီး privacy ကိုကာကွယ်ခြင်း

Web Cookie တွေဟာ browsing လုပ်ရတာ ပိုမြန်စေတာ၊ ပိုကောင်းစေတာ စတဲ့ကောင်းကျိုးတွေ ရလာစေတယ်ဆိုပေမယ့် online ကတစ်ဆင့် attack လုပ်လိုသူတွေအတွက်တော့ ယင်း cookies ကတစ်ဆင့် ကိုယ့်ကိုယ်ရေးကိုယ်တာတွေကို ရယူသွားနိုင်ပါတယ်။ ကိုယ့်ကိုယ်ကိုယ်ကာကွယ်ဖို့အတွက် cookies တစ်ခုချင်းစီကို ရွေးချယ်ပြီး ဖျက်နိုင်သလို အားလုံးကိုလည်း တစ်ခါတည်း ရှင်းပစ်နိုင်ပါတယ်။




Chrome နဲ့ တခြား browser တွေက cookies တွေကို စီမံခန့်ခွဲပြီး ဖျက်လို့လည်းရပါတယ်

Chrome version 14 နဲ့ ယင်းအထက် version တွေကိုသုံးထားတယ်ဆိုရင်တော့ လက်ယာဘက်အထက်မှာရှိတဲ့တန်းကို click နှိပ်ပြီး Options ကို ရွေးပါ။ Under the Hood ကို ရွေးပါ။ Privacy ရဲ့အောက်က Content Settings ကို ရွေးပါ။ Cookies Section ရဲ့အောက်က All Cookies and site data ကို click နှိပ်ပါ။ List ပေါ်လာပြီးတဲ့နောက်မှာ Remove All ကိုနှိပ်ပြီး အားလုံးကို ဖျက်နိုင်ပါတယ်။

Firefox နောက်ဆုံး version ကို သုံးထားတယ်ဆိုရင်တော့ Firefox menu အောက်က Options ကို ရွေးပါ။ ပြီးရင် Options ကိုပဲ ထပ်ရွေးပါ။ Privacy tab အထဲက History အထဲက Remove Individual Cookies ကို click နှိပ်ပါ။ Cookie တွေရဲ့ အောက်ခြေမှာ Remove All Cookies ကို ရွေးပြီး ရှင်းနိုင်ပြီဖြစ်ပါတယ်။

Internet Explorer ရဲ့ နောက်ဆုံး version ကို သုံးထားတယ်ဆိုရင်တော့ Tools menu အောက်က Delete Browsing History ကို click နှိပ်ပါ။ နောက်ပေါ်လာတဲ့ pop-up window မှာ Cookies ဆိုတဲ့ check box ကို ရွေးပါ။ Delete ကို နှိပ်ပါ။ ■